**သဖန်းကုန်းကျေးရွာ**

**တောင်တွင်းကြီးမြို့နယ်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သဖန်းကုန်းကျေးရွာ ၊ တောင်တွင်းကြီးမြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ

## မာတိကာ


| | | | စာမျက်နှာ |
|---|---|---|---|
| စကားချီး | | | ၄ |
| တောင်တွင်းကြီးမြို့နယ် ၊ သဖန်းကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ | | | ၅ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | | ၆ |
| (၁) | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | | ၆ |
| ၁။ | တည်နေရာနှင့် ပထဝီအနေအထား | | ၈ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | | ၈ |
| ၃။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | | ၈ |
| | (က) | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၈ |
| | (ခ) | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၈ |
| | (ဂ) | အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၉ |
| | (ဃ) | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၁၀ |
| | (င) | ပညာရေး | ၁၀ |
| | (စ) | ကျန်းမာရေး | ၁၀ |
| | (ဆ) | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| | (ဈ) | ကျား/မ ရေးရာ | ၁၁ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | | ၁၂ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | | ၁၃ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ | | ၁၄ |
| | ဇယား (၁) | လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၁၄ |
| | ဇယား (၂) | ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ | ၁၄ |
| | ဇယား (၃) | ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ | ၁၅ |
| | ဇယား (၄) | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၁၅ |
| | ဇယား (၅) | ဥစ္စာခနေအဆင့်အခြေအနေ | ၁၇ |
| | ဇယား (၆) | စိုက်ပျိုးနိုင်သော မြေဧရိယာ | ၁၈ |
| | ဇယား (၇) | ကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း | ၁၉ |
| | ဇယား (၈) | မွေးမြူရေးလုပ်ငန်း | ၁၉ |
| | ဇယား (၉) | မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ | ၂၀ |
| | ဇယား (၁၀) | အခြေခံအဆောက်ဦနှင့်ဝန်ဆောင်မှုများ | ၂၁ |
| | ဇယား (၁၁) | ကျေးရွာလမ်းပန်းဆက်သွယ်ရေးအခြေအနေ | ၂၂ |
| | ဇယား (၁၂) | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၂၃ |

ဇယား (၁၃) သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့်ဝန်ဆောင်မှုများ ၂၄
ဇယား (၁၄) လျှပ်စစ်မီးရရှိမှု ၂၄
ဇယား (၁၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ ၂၄
ဇယား (၁၆) ကျောင်းတက်နှုန်း ၂၄
ဇယား (၁၇) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ ၂၅
ဇယား (၁၈) အဖြစ်များသော ရောဂါများ ၂၆
ဇယား (၁၉) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု ၂၇
ဇယား (၂၀) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ) ၂၈
ဇယား (၂၁) သောက်သုံးရေရရှိမှု ၂၈
ဇယား (၂၂) သန့်ရှင်းရေးအခြေအနေ(အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်) ၂၉
ဇယား (၂၃) ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ ၃၀
ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ ၃၁
ဇယား (၂၅) ကျား/မ ရေးရာ ၃၁
၇။ ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ ၃၂

**စကားချီး**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ သဖန်းကုန်းကျေးရွာသူ/သားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဆုံး စတင်ရေးဆွဲသောအစီအစဉ်ဖြစ်ပါသည်။စီမံကိန်းဖြစ်မြောက် ရေးအတွက် ကူညီဆောင်ရွက်ပေးသော တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း ၊

စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသော စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူ များအားလုံး ကျေးဇူးတင်ရှိပါသည်။


ကျွန်တော်တို့ ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိ ရပ်ဖများနှင့်သာ ရေးဆွဲတိုင်ပင်ကြခြင်း ဖြစ်ပါသည်။ယခုကဲ့သို့ အတန်းအစားပေါင်းစုံ စနစ် တကျ ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျသည့် စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ယခုအခါ ထိုသို့ ကျေးရွာ လူထုတစ်ရပ်လုံး ပူးပေါင်း ပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကို သိရှိခဲ့ရပါသည်။နောင်တွင် မည်သည့်ကိစ္စရပ် တိုင်ပင် ဆွေးနွေးမှုများတွင် မဆို လူထုပူးပေါင်း ပါဝင်နိုင်ရေး အလေးထားဆောင်ရွက်ရပါမည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု ၊ ပိုင်ဆိုင်မှု ၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍ အစုံသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိ လာသော အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် လိုအပ်ချက်များကို ဖော်ထုတ်သိရှိနိုင်မည် ဖြစ်ပါသည်။ထိုသို့ မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင်မှသာ ကူညီဖြည့်ဆည်း ဆောင်ရွက် ပေးနိုင်မည့်သင့်လျော်သော အဖွဲ့အစည်းများ ဦးစီးဌာနများထံ တင်ပြတောင်းခံနိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်းသည် စာရင်းဇယားများ ၊ ကျေးရွာလူထု၏ လူနေမှုအခြေအနေ ပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ် မူတည်၍ ကျေးရွာလူထု၏ ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။

ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာ လူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော သဖန်းကုန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းစာအုပ်အား စီမံကိန်းကာလအတွင်းသာအသုံးပြုခြင်းမဟုတ်ဘဲပြောင်းလဲမှုရှိလာသည်နှင့်အမျှ ပြုပြင်ဖြည့်စွက်၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သဖန်းကုန်းကျေးရွာ
တောင်တွင်းကြီးမြို့နယ်

## တောင်တွင်းကြီးမြို့နယ် ၊ သဖန်းကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ




ရည်ညွှန်း- တောင်တွင်းကြီးမြို့နယ် ၊ တရုတ်ကောကျေးရွာအုပ်စု ၊ သဖန်းကုန်းကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သား များကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

(၁) **နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) **ရည်ရွယ်ချက်**

သဖန်းကုန်းကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပ အဖွဲ့ အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ် သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီ ဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ရေးဆွဲရေးအတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း ၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သော ကိန်းဂဏန်း ၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်တော်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့ နေရသော ပြဿနာများ ၊ ပြဿနာများဖြစ်ရသည့် အခြေခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက် အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များ ၊ (၅)နှစ်တာ ကာလအပြီး တွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်တော်တို့ အနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထား ပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ ၊ ပုဂ္ဂလိက ကဏ္ဍ ၊ ဘဏ်များ ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

( ခ ) **နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်တော်တို့၏အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့် ၊ ခရိုင်အဆင့် ၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ပုဂ္ဂလိကအဖွဲ့အစည်း များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ လိုလားချက်များ ၊ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာ နိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာ ချေးငွေအဖွဲ့အစည်းများ ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင် ပါသည်။

( ဂ ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ကိုယ်တိုင် တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ယခုအခါ ယင်းကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

၁။ **တည်နေရာနှင့်ပထဝီအနေအထား**

သဖန်းကုန်းကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မကွေးခရိုင် ၊ တောင်တွင်းကြီးမြို့နယ် ၊ တောင်တွင်းကြီးမြို့၏ အနောက်ဘက် တဆက်တည်း တည်ရှိသော ကျေးရွာဖြစ်ပါသည်။ကျေးရွာ သည် မြေပြန့်လွင်ပြင် ဖြစ်ပြီး မကွေး-တောင်တွင်းသွား ကားလမ်းနှင့် မကွေး-တောင်တွင်းသွား ရထားလမ်းအကြားတွင် တည်ရှိပါသည်။

၂။ **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

နှစ်စဉ် မိုးရေချိန် လက်မ (၄၀) ခန့်ရရှိပြီး သဘာဝပေါက်ပင်များမှာ မန်းကျည်း ၊ တမာ ၊ ကုက္ကို၊ ရှား ၊ ထနောင်း စသည့် အပင်များ ပေါက်လေ့ရှိပါသည်။မိုးစပါး စိုက်ပျိုးနိုင်သော လယ်ဧက (၉၈၁.၇၂) ၊ ယာဧက (၁၇.၂၃) ရှိပြီး သီးထပ်အဖြစ် ကုလားပဲ ၊ မတ်ပဲ ၊ ပြောင်း စိုက်ပျိုးနိုင်ပါသည်။

စပါးစိုက်ပျိုးရေ အောင်ရေးအတွက် ကန်တော်ကြီးကန်ရေ ၊ ငမင်ဆည်ရေ အားထားမှီခို နေရပါသည်။ဆည်ရေ လုံလောက်စွာ ပေးနိုင်သောနှစ်၌ နွေစပါး သီးထပ် စိုက်ပျိုးနိုင်ပါသည်။အစဉ် အဆက် သုံးစွဲနေခဲ့သော သောက်သုံးရေတွင်းများသည် ရေမထွက်တော့၍ ယခုအခါ အဝီစိ ရေလျှံတွင်း (၂)တွင်းမှ သောက်သုံးရေ ရရှိနေပြီး ရေပေးဝေရေး ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့ ပါသည်။

၃။ **ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးအကျိုးတော်ဆောင်အဖွဲ့ (ဘာသာရေးကိစ္စ၊လူမှုရေးကိစ္စ) ဦးဆောင် ဆောင်ရွက်ပါသည်။အရန်မီးသတ်တပ်ဖွဲ့ ၊ ကျေးရွာမီးလင်းရေးကော်မတီ စသည့်အဖွဲ့အစည်းများ ဖွဲ့စည်းထားပါသည်။၎င်းအဖွဲ့များသည် ပြည်သူအား ငွေစာရင်းရှင်းလင်းခြင်းနှင့် ကော်မတီအဖွဲ့ အား ပြန်လည်ဖွဲ့စည်းခြင်း ၊ လူထုဗဟိုပြု ဖွဲ့စည်းမှု အားနည်းချက် ရှိနေပါသည်။

လူငယ်များ၏ စိတ်ကူးဖြင့် သက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ ၊ ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေးကော်မတီ၊ စာပေဟောပြောပွဲဖြစ်မြောက်ရေးကော်မတီစသည့်အဖွဲ့ငယ်များဖွဲ့စည်းပြီး ကျေးရွာအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် ၊ ပထမ (၆)လ ဘတ်ဂျက်ကာလ နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံချက် (VDP ) ရန်ပုံငွေ ကျပ်သိန်း (၁၀၀) နှင့် ကျေးရွာအများပြည်သူ ထည့်ဝင်ငွေ ကျပ်သိန်း (၄၀) ကျော် ထည့်ဝင်ပြီး (၉၀၀'× ၁၂' × ၇") ကွန်ကရစ်လမ်း ခင်းနိုင်ခဲ့ပါသည်။

ပြင်ပမှ အသေးစားချေးငွေအဖွဲ့များဖြစ်သော သမဝါ ယမ တရုတ်ချေးငွေ ၊ ပီစီမြန်မာ ၊ ပက်မြန်မာ ၊ မြန်မာ့စိုက်ပျိုးရေးဘဏ် ချေးငွေဘဏ်အဖွဲ့များ ရှိပါသည်။

( ခ) **စီးပွားရေးနှင့် အသက်မွေးအခြေအနေ**

ကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းမှာ စပါးစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ သီးထပ် အဖြစ် ကုလားပဲ ၊ မတ်ပဲ ၊ ပဲတီစိမ်း၊ နှံစားပြောင်း (နွားစာ) စိုက်ပျိုးပါသည်။ စပါး အထွက်နှုန်းမှာ တစ်ဧက တင်း (၄၀) မှ (၈၀) အထိ ထွက်ပြီး ပျှမ်းမျှတစ်ဧက တင်း (၆၀)ခန့် ထွက်ရှိပါသည်။

သီးထပ်အဖြစ်မတ်ပဲစိုက်ပျိုးရာမှာ ဈေးကွက်ပျက်အရှုံးပေါ်၍ စိုက်ပျိုးမှုရပ်တနေ့ဝ်နေပါသည်။နှစ်စဉ် ကျေးရွာမှ မိုးစပါးတင်း (၅၀၀၀၀)ခနေ့ဝ်ထွက်ရှိပြီး သီးထပ်မတ်ပဲတင်း (၅၀၀)ခနေ့ဝ်ထွက်ရှိ၍ ဈေးကွက် ပြဿနာကြောငေ့ဝ် တောင်သူများအရှုံးပေါ်နေပါသည်။

သွင်းအားစု (ဓာတ်မြေသြဇာ ၊ ပိုးသတ်ဆေး ၊ မှိုသတ်ဆေး ၊ အားဆေး) ဈေးကြီးမှု ပြဿနာ၊ စနစ်တကျ သုံးစွဲမှုအားနည်းခြင်းကြောငေ့ဝ် မြေအချဉ်ပေါက်မှု ၊ ဓာတ်ကြွင်းကျန်မှုများကြောငေ့ဝ် ထွက်ကုန် အဆငေ့ဝ်အတန်းမဝင်တော့ခြင်း ၊ ထိန်းသိမ်းကာကွယ်ရမညေ့ဝ်အခြေအနေဖြစ်ပါသည်။

ဩော်ဂဲနစ် စိုက်ပျိုးရေးနည်းပညာ အစားထိုးသုံးစွဲတတ်ရန် နိုင်ငံတော်အဆငေ့ဝ်တောင်သူ ပညာပေး လုပ်ငန်းများ ဆောင်ရွက်သငေ့ဝ်ပါသည်။

ကျေးရွာတွင် ကျပန်းဈေးသည်များ ၊ ပန်းရံ ၊ လက်သမား တက်ကျွမ်းသူများ ရှိပါသည်။ လျှပ်စစ်ဓာတ်အားရှိနေသောကြောငေ့ဝ် လျှပ်စစ်နှငေ့ဝ်ဆက်နွယ်လုပ်ဆောင်ရသော လက်မှု ၊ စက်မှု ၊ အီလက်ထရောနစ်ပညာများ သင်ကြားပေးခြင်းဖြငေ့ဝ် ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုမည် ဖြစ်ပါသည်။

ကျေးရွာသည် လယ်ယာစိုက်ပျိုးရေး လျှပ်စစ်ဓာတ်အားရှိနေသောကြောငေ့ဝ် လျှပ်စစ်နှငေ့ဝ် ဆက်နွယ်လုပ်ဆောင်ရသော လက်မှု ၊ စက် မှု ၊ အီလက်ထရောနစ်ပညာများ သင်ကြားပေးခြင်းဖြငေ့ဝ် ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုမည် ဖြစ်ပါသည်။

ကျေးရွာသည် လယ်ယာစိုက်ပျိုးရေး ၊ စီးပွားရေးအခြေခံကျသော ကျေးရွာဖြစ်သောကြောငေ့ဝ် လူလုပ်အား လုပ်ကိုင်ရသော အခန်းကဏ္ဍများစွာရှိရာ သီးနှံဈေးနှငေ့ဝ်တစ်နေ့ဝင်ငွေ ပုံမှန်မရှိခြင်း ကြောငေ့ဝ် ပြည်ပထွက် အလုပ်အကိုင်ရှာဖွေနေသူ အများစုသည် အရွယ်ရောက်သူ ၊ လုပ်အားရှိသူများ ဖြစ်ရာ ၊ လုပ်သားရှားပါးမှု ကြုံနေရပါသည်။

စက်ကိရိယာများနှငေ့ဝ် အစားထိုးလုပ်အား မဖြညေ့ဝ်နိုင်ပါလျှင် ယခုနှစ် မိုးစပါးရိတ်သိမ်းချိန် အခက်အခဲကြုံရမှာသေချာနေပါသည်။လုပ်သားမရှိမှုဖြေရှင်းရန် နိုင်ငံတော်မှ စက်ယန္တရားများကို အငှားသော်လည်းကောင်း ၊ အရစ်ကျပေးချေစနစ်သော်လည်းကောင်း စဉ်းစားပေးနိုင်ရန် တင်ပြ ပါ သည်။

(ဂ) **အခြေခံအဆောက်အဉီ နှငေ့ဝ် ဝန်ဆောင်မှုများ**

ကျေးရွာတွင် သောက်သုံးရေ သုံးစွဲရန် အဝီစိတွင်း (၂)တွင်း တူးဖော်အသုံးပြုကြပါသည်။ အိမ်ထောင်စု (၉၀%)ခနေ့ဝ်သောက်သုံးနေရပါသည်။(သောက်သုံးရန် သငေ့ဝ်/မသငေ့ဝ် ဓာတ်ခွဲစမ်းသပ်ခြင်း မဆောင်ရွက်နိုင်သေးပါ။)

မူလတန်းလွန်ကျောင်း (၁)ကျောင်းရှိပြီး KG တန်း မှ ၇ တန်းထိ ကျောင်းသား(၄၈၀) ကျော် ရှိပြီး ဆရာ(၁၀)ဦးဖြငေ့ဝ် သင်ကြားနေပါသည်။(၈/၉/၁၀)တန်း ကျောင်းသားများ တောင်တွင်းကြီးမြို့ သို့ ပညာသင်ယူနေရပါသည်။

ကျန်းမာရေးဝန်ဆောင်မှုအတွက် မြို့နယ်ကျန်းမာရေးအဖွဲ့နှငေ့ဝ်ချိတ်ဆက်ပြီး ကိုးပင်တိုက်နယ် ကျန်းမာရေးဌာနမှ နိုင်ငံတော်မှ ညွှန်ကြားသညေ့ဝ် ကာကွယ်ဆေးအမျိုးမျိုး လာရောက်တိုက်ကျွေး

ပါသည်။

ကျေးရွာအထွက်လမ်းသည် မကွေးလမ်းမကြီးနှင့်ပေ (၁၀၀၀)ခန့် ကွာဝေးချိတ်ဆက်ရာလမ်း ဘယ်/ညာ ပေ (၆၀)ကျော်ကျယ်ပြီး ကျောက်ကြီးခင်းခြင်းလုပ်ငန်း ပြီးစီး၍ ကတ္တရာလမ်းအဆင့် တိုးပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှု တောင်သူလယ်သမားများအတွက် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေ တစ်ဧကလျှင် ၁ သိန်း - ၅ သောင်းနှုန်း ငွေထုတ်ချေးပါသည်။ နှစ်ရှည်ချေးငွေဆိုလျှင် တောင်သူများ အတွက် ပိုမိုအဆင်ပြေပါသည်။ငွေချေးခြင်းထက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ဖို့ လိုအပ်ပါသည်။

(င) **ပညာရေး**

ကျေးရွာတွင် လုံးဝ စာမတတ်သူ ၊ မူလတန်း ၊ အလယ်တန်း ၊ အထက်တန်း ၊ ဘွဲ့ရ စသည်ဖြင့် အလွှာအသီးသီး ရှိပါသည်။ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း (၁၃) ဦး အောင်မြင်ခဲ့ပါသည်။(၃)ဘာသာ ၊ (၂) ဘာသာ ဂုဏ်ထူးပါလာ၍ ရာခိုင်နှုန်းအရ တိုးတက် လာခဲ့ပါသည်။ကျောင်းမြေနေရာအကျယ်အဝန်း ၊ ကျောင်းသားဦးရေအရ အလယ်တန်း ကျောင်းခွဲ လျှောက်ထားခွင့် ရှိတာကြောင့် ပညာရေးဌာနသို့ အဆင့်တိုး လျှောက်ထားပြီးပါပြီ။

ထို့ကြောင့် ပညာတစ်ပိုင်းတစ်စနှင့် ထွက်လိုက်ရသော လူငယ်များ ရှိလာတာကြောင့် အသက်မွေးဝမ်းကြောင်း ပညာသင်ကြားမှု ဆောင်ရွက်နိုင်လျှင် လူငယ်အများစုအတွက် အကျိုးရှိ ပါသည်။

(စ) **ကျန်းမာရေး**

ကျေးရွာသူ/သားများသည် ကျန်းမာရေးအတော်အသင့် ကောင်းမွန်ပြီး ကူးစက်ရောဂါဆိုး များ ရှားပါးပါသည်။အဓိက ပြဿနာက ၂၀၁၈ မိုးဦးမှာ ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ရောဂါ (၁၃) ဦးခန့် ကူးစက်ခံရပါသည်။မကွေးတိုင်းဆေးရုံအထိ သွားရောက်ကုသမှု ခံယူရသူများ ရှိပါသည်။

အကြောင်းအရင်းသည် ခြင်ပေါက်ဖွားမှုဖြစ်ပြီး ရေနုတ်မြောင်းများ မရှိခြင်း ၊ ကျေးရွာ ရေဆိုး ထုတ်မြောင်း မရှိခြင်း ၊ ရွာ၏ အနိမ့်ပိုင်းနေရာမှ ရေများ အောင်းနေပြီး အဲဒီပတ်ဝန်းကျင်မှ ကလေးများသာ အဖြစ်များကြောင်း တွေ့ရှိရပါသည်။ယခုနှစ် ပွင့်လင်းရာသီတွင် ရေနုတ်မြောင်း ၊ ရေဆိုးထုတ်မြောင်း ဖောက်လုပ်ပြီး ကလေးများ၏ ကျန်းမာရေးကို စောင့်ရှောက်ရမည်ဖြစ်ပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာလယ်ယာမြေများသည် ဓာတ်မြေဩဇာ ၊ ပိုးသတ်ဆေးများသည် ဓာတုဆေးများ ဖြစ်တာကြောင့် သတ်မှတ်နှုန်းထား ၊ ပမာဏ ၊ အချိန် စသည် ညွှန်ကြားချက်များအတိုင်း လုပ်ကိုင်

နိုင်မှုအားနည်းတာကြောင့် မြန်မာ့စိုက်ပျိုးရေး ထွက်ကုန်များသည် နိုင်ငံတကာ ဈေးကွက်တွင် မျက်နှာပန်းမလှ ဖြစ်ခဲ့ရသည်။အာဟာရပြည့်မှီသော စားသောက်ကုန်များ မဟုတ်တော့ပဲ အစာအဆိပ်သင့် ၊ ကင်ဆာ စသည့် ဘေးထွက်ဆိုးကျိုး ကြုံနေပါသည်။

**( ၉) ကျား / မ ရေးရာ**

ကျား/မ ဆိုင်ရာ အခွင့်အရေးအနေဖြင့် တောင်သူလုပ်ငန်းခွင်မှာ အမျိုးသားများမှ ဦးစီးပေမဲ့ ကျန်သည့် မိသားစုအရေး အပိုဝင်ငွေရှာခြင်း ၊ အမျိုးသမီးများ ဦးဆောင်၍ အိမ်ထောင် တစ်ခုအတွက် အရေးပါခြင်းဖြစ်တာကြောင့် မိသားစုအတွက် ကျား/မ သည် အဆင့်အတန်းတူသာ ဖြစ်ပါတယ်။ကျေးရွာ၏ အပိုဝင်ငွေဖြစ်သော ဈေးအရောင်းအဝယ် ၊ ပဲပင်ပေါက်လုပ်ငန်း ၊ ဓနိဖြူသီး မှုန့် ထုတ်လုပ်ခြင်း စသည့် အမျိုးသမီးများ ဦးဆောင်သော လုပ်ငန်းဝင်ငွေသည် တောင်သူလုပ်ငန်း ဝင်ငွေထက် ပိုများပါသည်။အမျိုးသမီးများ အသင်းအဖွဲ့တော်တော်များများတွင် ပါဝင်ခွင့်လည်း ရလာပါသည်။

အုပ်ချုပ်ရေးနယ်ပယ်တွင် အမျိုးသမီးများ ပါဝင်မှုနည်းပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ တွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူပါဝင်လာ၍ ကျား/မ တန်းတူ အခွင့်အရေး ရှိပါသည်။

၄။ **တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန**

**ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးစီမံချက်လုပ်ငန်းများ**

| စဉ် | ကျေးရွာ အုပ်စု | ကျေးရွာ အမည် | စီမံချက်အမည် | ဦးစားပေး အဆင့်ဝ်ဝ | မှတ် ချက် |
|---|---|---|---|---|---|
| ၁ | တရုတ်ကော | သဖန်းကုန်း | ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း | ၁ | |
| | | | ရေနုတ်မြောင်း တူးဖော်ခြင်း | ၂ | |
| | | | မြောင်းပြန်လည်တူးဖော်ခြင်း | ၂ | |
| | | | လယ်ယာလုပ်ငန်းသုံးစက်ယန္တရားများ ရရှိရေး | ၃ | |
| | | | သံဂဟေဆော်သင်တန်း ဖွင့်လှစ်ပေးခြင်း | ၄ | |
| | | | ကျောင်းဆောင်ပြုပြင်ခြင်း | ၅ | |
| | | | ကေကွက်ရိုက်လုပ်ခြင်း | ၆ | |
| | | | အတိုးနှုန်းသက်သာသည့် ချေးငွေရရှိခြင်း | ၇ | |
| | | | အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၈ | |
| | | | အမျိုးသမီးများ စိတ်ဓာတ်မြှင့်တင်ရေး သင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၉ | |
| | | | ကျန်းမာရေး ဆေးခန်း ရရှိရေး | ၁၀ | |
| | | | စာကြည့်တိုက် ဆောက်လုပ်ခြင်း | ၁၁ | |

## ၅။ တောင်တွင်းကြီးမြို့နယ် ၊ သဖန်းကုန်းကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | အဆင့်ဝ် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း | ၁ | √ | | | | |
| ၂ | ရေနုတ်မြောင်း တူးဖော်ခြင်း | ၂ | | | √ | | |
| ၃ | မြောင်းပြန်လည်တူးဖော်ခြင်း | ၂ | | | √ | | |
| ၄ | လယ်ယာလုပ်ငန်းသုံးစက်ယန္တရားများ ရရှိရေး | ၃ | √ | | | | |
| ၅ | သံဂပဟေဆော်သင်တန်း ဖွင့်လှစ်ပေးခြင်း | ၄ | √ | | | | |
| ၆ | ကျောင်းဆောင်ပြုပြင်ခြင်း | ၅ | | √ | | | |
| ၇ | ဇကကွက်ရိုက်လုပ်ခြင်း | ၆ | | | | | √ |
| ၈ | အတိုးနှုန်းသက်သာသည့် ချေးငွေရရှိခြင်း | ၇ | | √ | | | |
| ၉ | အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၈ | √ | | | | |
| ၁၀ | အမျိုးသမီးများ စိတ်ဓာတ်မြှင့်တင်ရေး သင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၉ | | | | √ | |
| ၁၁ | ကျန်းမာရေး ဆေးခန်း ရရှိရေး | ၁၀ | | √ | | | |
| ၁၂ | စာကြည့်တိုက် ဆောက်လုပ်ခြင်း | ၁၁ | | √ | | | |

၆။ **ကျေးရွာဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) သဖန်းကုန်းကျေးရွာ၏ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၇ | ၁၉ | ၃၆ |
| ၁ နှစ်မှ ၄ နှစ်အထိ | ၅ နှစ်အောက်ကလေးငယ် | ၆၆ | ၆၅ | ၁၃၁ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၁၃၁ | ၁၃၂ | ၂၆၃ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၁၂ | ၁၄၀ | ၂၅၂ |
| ၁၅ နှစ်မှ ၆၄ နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၈၉ | ၈၃၇ | ၁၆၂၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၅၉ | ၉၃ | ၁၅၂ |
| **စုစုပေါင်း** | | **၁၁၇၄** | **၁၂၆၈** | **၂၄၆၀** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၄၈၀** | | |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။သဖန်းကုန်းကျေးရွာ၏ လူဦးရေအများစုမှာ အလုပ်လုပ်နိုင်သူ အများစု ဖြစ်ပြီး အသက် (၆၅) နှစ်အထက် လူဦးရေမှာ (၆%) ရှိပါသည်။အလုပ်လုပ်နိုင်သူများပြားသော်လည်း အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသောကြောင့် လူငယ်အများစုမှာ နေရပ်စွန့်ခွာ၍ ပြည်တွင်း ပြည်ပ ထွက်ခွာ လုပ်ကိုင်ကြရ ပါသည်။သဖန်းကုန်းကျေးရွာ၏ အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေမှာ (၆၆%) ရှိသောကြောင့် လူ့စွမ်းအားအရင်းအမြစ်ကောင်း တွေ့ရှိရပါသည်။

**(၂) သဘာဝရင်းမြစ်နှင့်ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

ဇယား (၂) သဖန်းကုန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း၊သင့်၊ညံ့** | **ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)** | **ရရှိနိုင်သောရေ အရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊မြစ်၊စိမ့်စမ်း စသည့်)** |
|---|---|---|---|---|
| လယ်မြေ | ၉၈၁.၇၂ | သင့် | ရ | ချောင်း |
| ယာမြေ/တောင်ယာမြေ | ၁၇၂၃ | သင့် | အနည်းကျဉ်း | - |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| ဓနိတောမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| မြေလွတ် မြေလပ် | - | - | - | - |
| **စုစုပေါင်း** | **၉၉၈.၉၅** | - | - | - |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** သဖန်းကုန်းကျေးရွာလယ်မြေများမှာ ကန်တော်ကြီးနှင့် ငမင်ဆည်ကြီးများမှ မြောင်းများ သွယ်ယူအသုံးပြုကြရပါသည်။ မိုးခေါင်သော နှစ်များတွင် သီးနှံများ အောင်ရေ ရရန် ခက်ခဲသောကြောင့် သီးနှံအထွက်နှုန်းလျော့ကြသောကြောင့် ငှင်းလုပ်သားရှားပါးမှုများကြောင့် စိုက်ပျိုးလုပ်ကိုင်ရာတွင် အဆင်မပြေမှုများ ရှိပါကြောင်းတွေ့ရှိရပါသည်။

## (၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၃) သဖန်းကုန်းကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ၊သင့်၊နည်း၊မရှိ) | အသုံးပြုနိုင်မှု (လွယ် ၊ ခက် ၊ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန်(ဓာတ်ငွေ့၊ရေနံ) | မရှိ | ခက် |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု) ကျောက်၊ကျောက်မီးသွေး၊သဲ)စသည့်သဘာဝအရင်းအမြစ် | မရှိ | ခက် |
| တိရိစ္ဆာန်မျိုးစိပ်များ | မရှိ | ခက် |
| အပင်မျိုးစိပ်များ (လူ၊တိရိစ္ဆာန်တို့အတွက်အသုံးဝင်သော | သင့် | လွယ် |
| ပျမ်းမျှအပူချိန် - ၁၀၉ F | ပျမ်းမျှမိုးရေချိန် - ၄၀” | |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** သဖန်းကုန်းကျေးရွာသည် မြေအောက်ရေမှရေလျှံတွင်း (၂)တွင်းအား မှီခို၍ သုံးစွဲသူ (၇၅%)ရှိပါသည်။သဘာဝအပင်မျိုးစိပ်များမှာ မန်းကျည်း ၊ ကုက္ကို ၊ မဲဇလီ ၊ သစ်စိမ့် ၊ ရှား၊ ညောင်ပင် ၊ မာလကာ ၊ သြဇာ ၊ စပါး ၊နှမ်း ၊ မတ်ပဲ ၊ ကုလားပဲ တို့ ထွက်ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဇယား(၄) သဖန်းကုန်းကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | လူမှုရေးအဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်ဝ်အထက် ရွေးနိုင်သည်) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်း မှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|
| ၂ | အုပ်ချုပ်ရေး အဖွဲ့ | ၁√၂□၃ □ | ပညာရေး √ငွေကြေး □<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး √<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး√ | |
| ၃ | ဘာသာရေး အဖွဲ့ | ၁□၂ □၃√ | ပညာရေး □ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | |
| ၄ | မီးလင်းရေး အဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး □ငွေကြေး □<br>ကျန်းမာရေး□ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | |
| ၅ | ရေပေးဝေ ရေးအဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး □ငွေကြေး □<br>ကျန်းမာရေး□ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | |
| ၆ | ကျောင်း ကော်မတီ | ၁□၂ √ ၃ □ | ပညာရေး √ ငွေကြေး □<br>ကျန်းမာရေး□ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | |
| ၇ | မီးသတ် အဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး □ငွေကြေး □<br>ကျန်းမာရေး□ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး√ | |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်း မှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|
| ၈ | သွေးအလှူ ရှင်အဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး √ ဘာသာရေး<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ပရဟိတလုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် သွေးလှူခြင်းတို့ကို လူငယ်များမှ လုပ်ကိုင်ဆောင်ရွက်ကြပြီး သာရေး ၊ နာရေးများတွင် လူငယ်ပရဟိတအဖွဲ့မှ တက်ညီ လက်ညီ ဆောင်ရွက်ကြပါသည်။သက်ကြီးပူဇော်ပွဲ ဆရာပူဇောင်းများအား အာစရိယပူဇော်ပွဲများကို လူငယ်ပရဟိတများမှ ဦးဆောင်၍ လုပ်ကိုင်ခြင်းနှင့်စာပေဟောပြောပွဲများဖြစ်မြောက်ရေး လုပ်ကိုင် ကြကြောင်း တွေ့ရှိရပါသည်။

## (၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၅) သဖန်းကုန်းကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ် ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂၀ ဧက | ၁၅ ဧက | ၄/၅ ဧက | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်ခံ | ပျဉ်ထောင်အိမ် (၄)ပင် | ပျဉ်ထောင်အိမ် (၄)ပင် | (၃)ပင်အိမ် |
| ကုန်ထုတ်လုပ်မှု နှင့်ဆိုင်သော ပိုင်ဆိုင်မှု | သုံးဘီး ဆိုင်ကယ်၊ နွားလှည်း | လှည်း | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | လက်လီလက္ကား ရောင်းဝယ်ရေး | ကျပန်း |
| အိမ်ထောင်စု | ၁၁ | ၁၁၄ | ၁၁၅ | ၂၄၀ |

ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလွန်အဆင်ပြေသော အိမ်ထောင်စုနှင့် အဆင်မပြေသော အိမ်ထောင်စုကွာဟမှုမှာ များပြားပါသည်။အလွန်အဆင်ပြေသော အိမ်ထောင်စုများမှာ ခေါင်းရွက် ဗျတ်ထိုး ကျပန်းလုပ်ကိုင်စားသောက်ကြရပါသည်။အချို့သော အိမ်ထောင်စုများမှာ သက်ကြီးရွယ် အို နှင့် မှီခိုသူ များပြားကြခြင်းနှင့် ကျန်းမာရေးမကောင်း၍ အလုပ်မလုပ်နိုင်ခြင်းကြောင့် ကျောထောက်နောက်ခံ မရှိခြင်းဖြစ်သည့်အတွက် အဆင်မပြေခြင်းများ ရှိကြောင်း တွေ့ရှိရပါသည်။

## (၄.၂) သီးနှံထုတ်လုပ်မှု

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၆) သဖန်းကုန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု ရာခိုင်နှုန်း | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၄၀ | ၅၀ | မြေမဲ့ ယာမဲ့ |
| ၂ | ၂.၅ ဧကအောက်(၁ဟက်တာထိ) | ၄၁ | ၉ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ဧကအထိ(ဟက်တာထိ) | ၇၃ | ၁၅ | တောင်သူငယ် |
| ၄ | ၅ဧကမှ ၁၂.၅ဧကထိ<br>(၅ ဟက်ထာထိ) | ၁၁၅ | ၂၄ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက်<br>(၅ ဟက်တာနှင့်အထက်) | ၁၁ | ၂ | တောင်သူကြီး |
| | ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း | ၄၈၀ | | |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း-
လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
(၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် ကျေးလက်နေပြည်သူများဖြစ်သောကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကိုသာအဓိကထားလုပ်ကိုင်ကြပြီးလယ်ယာမဲ့အများစုမှာမြို့ပေါ်တက်၍ ပွဲရုံ - ကားဂိတ် များတွင် ကုန်တင်ကုန်ချလုပ်ခြင်း နှင့် ပန်းရံ ၊ လက်သမားလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက် ကြပါသည်။စိုက်ပျိုးရေး ၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် သီးနှံဖျက်ပိုး ကာကွယ်ရေးများအတွက် နည်းပညာနှင့် ငွေကြေးအထူးလိုအပ်နေကြောင်း လေလာတွေ့ရှိရပါသည်။

## (၄-၂-၂) အဓိက သီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၉၈၁ | တင်း | ၃၀ | ၈၀ | ၅၀ | - |
| နှမ်း | ၂၂၅ | တင်း | ၅ | ၁၅ | ၁၀ | - |
| မတ်ပဲ | ၂၅ | တင်း | ၄ | ၈ | ၁၂ | - |
| ကုလားပဲ | ၁၀ | တင်း | ၄ | ၈ | ၁၂ | - |

ရင်းမြစ်-ဦးတည်အုပ်စုဆွေးနွေးခြင်း၊ လယ်သမားအုပ်စု ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် နှမ်း၊စပါးကို မိုးဦးကာလတွင်အဓိကထားစိုက်ပျိုးကြပါသည်။သီးထပ်သီးနှံအပြင်မတ်ပဲ၊ကုလားပဲများကိုအနည်းငယ်စိုက်ပျိုးကြပါသည်။မိုးဦးကာလတွင် မိုးများလေ့ရှိသဖြင့် နှမ်းအထွက်နှုန်းနည်းပြီး ဆည်ရေလုံလောက်မှုမရှိခြင်းကြောင့် စပါးများအထွက်နှုန်းနည်းသည်ကို တွေ့ရှိရပါသည်။

## (၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား(၈)သဖန်းကုန်းကျေးရွာ၏ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော ကောင်ရေအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၀၇ | ၄၅၇ |
| နို့စားနွား | - | - |
| ကျွဲ | ၇ | ၃၃ |
| မြင်း | ၅ | ၅ |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | ၃ | ၅၀ |
| သိုး | ၁ | ၉ |
| ဝက် | ၁၈၁ | ၂၉၄ |
| ကြက် | ၂၃၆ | ၁၇၈၃ |
| ဘဲ | ၁၂ | ၉၂ |
| နွားနောက် | - | - |
| ငါးလုပ်ငန်း | - | - |
| ငါးကန် | - | - |

| မွေးမြူရေးနှင့်ဝါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော ကောင်ရေအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

